ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

NCDDP

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ညောင်ကုန်းကျေးရွာ ၊ ငွေတောင်ကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ညောင်ကုန်းကျေးရွာ ၊ ငွေတောင်ကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ............................................................ ၁

ကျေးရွာအုပ်စုမြေပုံ............................................................ ၂

ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း............................................................ ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ............................................................ ၄

လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်............................................................ ၅

ကျေးရွာသမိုင်းအကျဉ်းချုပ် ............................................................ ၆

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း............................................................ ၇

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်............................................................ ၈

ကျား/မ ပင့်ကူအိမ် ............................................................ ၉

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်............................................................ ၁၀

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ............................................................ ၁၁

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ............................................................ ၁၂

ရာသီခွင်ပြ ပြက္ခဒိန် ............................................................ ၁၃

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်............................................................ ၁၄

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ............................................................ ၁၅

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ............................................................ ၁၆

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)............................................................ ၁၇

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)............................................................ ၂၀


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)............................................................ ၂၁

နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ............................................................ ၂၃


ကျေးရွာအစည်းအဝေးမှတ်တမ်းများ ............................................................ ၂၅

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်............................................................ ၂၇

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



## ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | အောင်သပြေ | ၉၈ | ၂၁၂ | ၂၁၉ | ၄၃၁ |
| ၂ | ဒေါ်ခလိုက်လင်း | ၇၁ | ၂၂၁ | ၁၇၀ | ၃၉၁ |
| ၃ | ထေးထူဖျ | ၆၆ | ၁၄၆ | ၁၄၃ | ၂၈၉ |
| ၄ | ငွေတောင် | ၅၅၅ | ၁၂၈၄ | ၁၃၁၆ | ၂၆၀၀ |
| ၅ | ဒေါ်ဒူ | ၄၉ | ၁၃၃ | ၁၂၈ | ၂၆၁ |
| ၆ | ဒေါ်င်ရောက် | ၁၈၃ | ၄၈၂ | ၅၃၅ | ၁၀၁၇ |
| ၇ | ညောင်ကုန်း | ၁၁၀ | ၂၆၃ | ၂၈၆ | ၅၄၉ |
| ၈ | အောင်ချမ်းသာ | ၁၄၆ | ၂၃၁ | ၂၀၄ | ၄၃၅ |
| ၉ | ဆည်မြောင်း | ၁၁၂ | ၂၄၁ | ၂၈၅ | ၅၂၆ |
| ၁၀ | ဒေါ်ကလိုးခူ | ၄၈ | ၁၂၃ | ၁၁၅ | ၂၃၈ |
| ၁၁ | ပါဒေါ်ဒူ | ၁၂၁ | ၃၄၈ | ၂၉၈ | ၆၄၆ |
| ၁၂ | ဒေါ်ပေါ်ကလဲ | ၅၆ | ၁၄၀ | ၁၃၆ | ၂၇၆ |
| စုစုပေါင်း | | ၁၆၁၅ | ၃၈၂၄ | ၃၈၃၅ | ၇၆၅၉ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၃၄) = (၅၅) ဦး

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ညောင်ကုန်းကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၏ မြောက်ဘက် (၂)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်တွင် ရေမြောင်းနှင့် လယ်ကွင်းများ တည်ရှိပါသည်။ ကျေးရွာတွင် ကယောလူမျိုးများ အများစုနေထိုင်ကြပြီး ကယန်း၊ ကယား၊ ရှမ်းနှင့် ဗမာလူမျိုးများလည်း နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။

ညောင်ကုန်းကျေးရွာ၏ မြို့နှင့် ဆက်သွယ်ထားသောလမ်းမှာ ကျောက်ချောလမ်းဖြစ်သည်။ ရွာအဝင်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ရွာတွင်းလမ်းမှာ မြေသားလမ်းများ ဖြစ်ကြပါသည်။ ကျေးရွာတွင် တွင်းရေကိုအသုံးပြုကြပြီး လုံလောက်မှု ရှိပါသည်။ ကျေးရွာ၏ ဘေးဘက်တွင် လယ်ကွင်းများ၊ မြေလွတ်နှင့် မြောင်းမကြီး(ရေပေးချောင်း) ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်း၊ မူကြိုကျောင်း(၁)ကျောင်း၊ ခန်းမဆောင်၊ ခရစ်ယာန်ဘုရားကျောင်း၊ ကျေးရွာဘုံစပါးကျီ(၁)လုံး၊ ဘောလုံးကွင်း စသည်တို့ တည်ရှိပါသည်။

ရွာတွင်းလမ်းမှာ မိုးတွင်းအချိန်တွင် လမ်းပျက်စီး၍ ရွှံ့များထူထပ်ခြင်းကြောင့် သွားလာရန်ခက်ခဲပါသည်။ စာသင်းကျောင်းဆောင် မလုံလောက်ခြင်းနှင့် စာသင်ကျောင်းခြံစည်းရိုး မလုံခြုံခြင်းကြောင့် ကျောင်းဝန်းထဲသို့ နွားများဝင်ရောက်ခြင်းနှင့် ကလေးများအတွက် စိတ်ပူရခြင်း အခက် အခဲရှိပါသည်။

ပညာရေးအခြေအနေမှာ မူလတန်းတက်ရောက်သူ(၇၇)ဦး၊ အလယ်တန်းတွင် (၅၅)ဦးနှင့် အထက်တန်းတွင်(၁၆)ဦး ပညာသင်ကြားနေပါသည်။ တက္ကသိုလ်ဘွဲ့ရသူမှာ (၆)ဦး ရှိပါသည်။ ၎င်းတို့သည် အစိုးရဝန်ထမ်း (ကျောင်းဆရာ/မ)၊ ရုံးဝန်ထမ်း အလုပ်လုပ်ကိုင်နေပါသည်။ ကျေးရွာတွင် လက်သမား၊ ပန်းရံ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူ(၅)ဦး ရှိပါသည်။

ကျေးရွာတွင် အိမ်ခြေပေါင်း (၁၁၀)ရှိပြီး လူဦးရေမှာ ကျား(၂၆၇)ဦး၊ မ(၂၅၀)ဦး၊ စုစုပေါင်း (၅၁၇)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သောဦးရေမှာ (၂၇၂)ဦး မှီခိုဦးရေမှာ (၂၄၅)ဦး ဖြစ်ပါသည်။ မသန်စွမ်းသူဦးရေမှာ ကျား(၁)ဦး၊ မ(၁)ဦးရှိပြီး သက်ကြီးရွယ်အို (၆၅နှစ်နှင့် အထက်)မှာ ကျား(၅)ဦး၊ မ(၄)ဦး စုစုပေါင်း(၉)ဦး ရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ (၁၁)အိမ်ဖြစ်ပြီး အမျိုးသားအိမ်ထောင်ဦးစီးမှာ(၉၉)အိမ် ရှိပါသည်။

ညောင်ကုန်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ လယ်ယာနှင့် မွေးမြူရေး (တပိုင်တနိုင်)လုပ်ငန်း ဖြစ်ပါသည်။ အများစုမှာ လယ်ယာပိုင်ဆိုင်ကြပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ လယ်ယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုများသည် ကျပန်းအလုပ်နှင့် ပြင်ပသို့ ခရီးထွက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)


## ကျေးရွာသမိုင်းအကျဉ်းချုပ်

၁၉၄၀-၁၉၅၀ခုနှစ်တွင် ကယားလူမျိုးများ စတင်နေထိုင်ခဲ့ကြပြီး ကျေးရွာအမည်မှာ "ဘော်ရယ်ဒေါ" ဟုခေါ်တွင်ခဲ့ကြသည်။ ၎င်းတို့သည် ကျေးရွာတည်ထောင်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့သောကြောင့် အခြားဒေသသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။

၁၉၅၈ခုနှစ်တွင် ဒေါရောက်ခူတိုက်နယ်၊ ဘာဒိုကျေးရွာဟောင်းမှ ပြောင်းရွှေ့လာရန် လာရောက်စုံစမ်းလေ့လာ ခဲ့ကြပါသည်။ ၁၉၆၀တွင် စတင်ပြောင်းရွှေ့ လာခဲ့ကြပြီး နယ်မြေလုံခြုံရေး ကောင်စီဥက္ကဋ္ဌ ဦးအေမြလေး(ကယားပြည်နယ်)၏ ခွင့်ပြုချက်အရ ၁၉၆၁ ခုနှစ်၊ ဧပြီလ၊ ၂၁ရက်နေ့ တွင် အိမ်ထောင်စု(၄)စုဖြင့် ကျေးရွာအား စတင်တည်ထောင်ခဲ့ပါသည်။ ၎င်းကျေးရွာအနီးရှိ ကုန်းပေါ်တွင် ညောင်ပင်များရှိသဖြင့် "ညောင်ကုန်းကျေးရွာ"ဟု အမည်ခေါ်တွင်ခဲ့ပါသည်။ ကျေးရွာ စတင်တည်ထောင်ခဲ့သူ(၄)ဦးမှာ ကယောလူမျိုးများ ဖြစ်ကြသော ဦးဂိုအီ၊ ဦးဆော်ဒဲ၊ ဦးတိုအီနှင့် ဦးနဲအီ တို့ဖြစ်ပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနကြွယ်ဝမှု ပြဇယား

ကျေးရွာ - ညောင်ကုန်း

အုပ်စု - ငွေတောင်

ရက်စွဲ - 29.10.2017

ပါဝင်ဆွေးနွေးသူ - ကျား ( ၂၁ ) ဦး
မ ( ၃၄ ) ဦး
ပေါင်း ( ၅၅ ) ဦး

| အဆင့် | စံ - သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ၁ | နှစ်ထပ်တိုက်၊ လယ် (၁၅)ဧက၊ ကား (၁)စီး)၊ မြေကွက်၊ ကိုင်းရှည်၊ ထော်လာဂျီ [ဖုန်း (၂)လုံး အထက်၊ T.V (စလောင်း)၊ ဆိုင်ကယ် (၁)စီး အထက်၊ ဆန်စက်] | ၃ | ၂.၇ % |
| ၂ | နှစ်ထပ်တိုက်၊ လယ် (၃)ဧက၊ ဆိုင်ကယ်၊ စလောင်း၊ ကုန်စုံဆိုင်၊ နွား (၅)ကောင်၊ ဖုန်း၊ T.V (IPM) " | ၁၀ | ၉ % |
| ၃ | တစ်ထပ်တိုက်၊ ထော်လာဂျီ၊ ကိုင်းရှည်၊ ဆိုင်ကယ်၊ နွား (၄)ကောင်၊ လယ် (၂)ဧကအောက်၊ ဖုန်း၊ T.V | ၂၀ | ၁၈ % |
| ၄ | တိုက်ခံ ပျဉ်ထောင်၊ ပျဉ်ထောင်၊ လယ် (၁)ဧက၊ ဆိုင်ကယ်၊ ဖုန်း၊ T.V | ၃၀ | ၂၇.၂ % |
| ၅ | ထရံအိမ်၊ ဆိုင်ကယ်၊ ဂျာဘင်း၊ ဖုန်း | ၄၇ | ၄၂.၇ % |
| | စုစုပေါင်း | ၁၁၀ | ၁၀၀% |

*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၃၄) = (၅၅) ဦး*

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ညောင်ကုန်းကျေးရွာတွင် အိမ်ခြေ (၁၁၀)လုံးရှိသည့်အနက် အဆင့်(၁)တွင် အိမ်ထောင်စု (၃)စု ၊ အဆင့်(၂)တွင် အိမ်ထောင်စု(၁၀)စု၊ အဆင့်(၃)တွင် အိမ်ထောင်စု(၂၀)၊ အဆင့်(၄)တွင် အိမ်ထောင်စု (၃၀)စု၊ အဆင့်(၅)တွင် အိမ်ထောင်စု(၄၇)စု ရှိပါသည်။

အဆင့်(၁)တွင် ရှိသောအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ နှစ်ထပ်တိုက်၊ လယ်(၁၅) ဧက၊ ခြွေစက်၊ ကိုင်းရှည်၊ ထော်လာဂျီ၊ ဖုန်း(၂)လုံးအထက်၊ တီဗွီ၊ စလောင်း၊ ဆိုင်ကယ်(၁)စီး အထက်၊ ဆန်စက် တို့ဖြစ်ပါသည်။ ရာခိုင်နှုန်းမှာ ၂.၇% ဖြစ်ပါသည်။

အဆင့်(၂)တွင်ရှိသော အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ နှစ်ထပ်တိုက်၊ လယ်(၃)ဧက၊ ဆိုင်ကယ်၊ တီဗွီ၊ စလောင်း၊ ကုန်စုံဆိုင်၊ နွား(၅)ကောင်၊ ဖုန်း တို့ဖြစ်ပါသည်။ ရာခိုင်နှုန်းမှာ ၉%ဖြစ်ပါသည်။


အဆင့်(၃)တွင်ရှိသော အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုမှာ တစ်ထပ်တိုက်၊ ထော်လဂျီ၊ ကိုင်းရှည်၊ ဆိုင်ကယ်၊ နွား(၄)ကောင်၊ လယ်(၂)ဧက၊ ဖုန်း၊ တီဗွီ တို့ဖြစ်ပါသည်။ ရာခိုင်နှုန်းမှာ ၁၈.၂% ဖြစ်ပါသည်။

အဆင့်(၄)တွင်ရှိသော အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ တိုက်ခံပျဉ်ထောင်၊ ပျဉ်ထောင်၊ လယ်(၁)ဧက၊ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီတို့ဖြစ်ပါသည်။ ရာခိုင်နှုန်းမှာ ၂၇.၃% ဖြစ်ပါသည်။

အဆင့်(၅)တွင်ရှိသောအိမ်ထောင်များ၏ ပိုင်ဆိုင်မှုများမှာ ထရံအိမ်၊ ဆိုင်ကယ်၊ ဖုန်း၊ ဂျပန်း လုပ်ကိုင်ခြင်း တို့ဖြစ်ပါသည်။ ရာခိုင်နှုန်းမှာ ၄၂.၈% ဖြစ်ပါသည်။

ကျေးရွာရှိ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့် မွေးမြူရေး(တပိုင် တနိုင်)ဖြစ်သည်။ လယ်(စပါးစိုက်ပျိုး) ဧကစုစုပေါင်းမှာ (၂၀၀)ဧက ရှိပါသည်။ လယ်ယာပိုင်ဆိုင်မှု နည်း/မရှိသော အိမ်ထောင်စုမှာ ဂျပန်းအလုပ်၊ ပြင်ပသို့ ခရီးထွက်အလုပ် လုပ်ခြင်း ဖြင့် အသက်မွေး ဝမ်းကြောင်း ပြုကြပါသည်။ လယ်ယာလုပ်ငန်းတွင် စက်ယန္တရားကို အသုံးပြုလာခြင်းကြောင့် မိမိတို့၏ စားဝတ်နေရေးအတွက် အခက်အခဲ ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများ ၏ တစ်နှစ်ဝင်ငွေမှာ အများဆုံးမှာ သိန်း(၂၀)မှ (၃၀)အထိရရှိကြပြီး အနည်းဆုံးမှာ (၃)သိန်းမှ (၄)သိန်းအထိ ဖြစ်သည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)



*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၃၄) = (၅၅) ဦး*

## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ညောင်ကုန်းကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး အခြေအနေ ပင့်ကူအိမ်သုံးသပ်ချက် အချက် (၁၀)ချက်ရှိပါသည်။ ၎င်းအချက်များမှာ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု၊ အလုပ်အကိုင်အခွင့် အလမ်း၊ ကျန်းမာရေးလက်လှမ်းမီမှု၊ လုံခြုံမှု၊ ဆုံးဖြတ်ပိုင်ခွင့်၊ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ ပညာရေးလက်လှမ်းမီမှု၊ အိမ်မှုကိစ္စ၊ အမွေရပိုင်ခွင့် တို့ဖြစ်သည်။

ညောင်ကုန်းကျေးရွာတွင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများသည် ပို၍ ဦးဆောင်နေသည်ကို တွေ့ရပါသည်။ အလုပ်အကိုင်(လယ်ယာလုပ်ငန်း)တွင် အမျိုးသမီးများသည် အခွင့်အလမ်း ပိုမိုရရှိပါသည်။ သို့သော် ဝင်ငွေရရှိမှုတွင် အမျိုးသမီးများမှာ အားနည်းနေပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် လုံခြုံမှုအရ လွတ်လပ်စွာ သွားလာနိုင်ရန် ခက်ခဲပြီး အမျိုးသား များသည် လွတ်လပ်စွာ သွားလာနိုင်ခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီးများအား တိကျသော ဥပဒေ အရ ကာကွယ်ပေးမှုမရှိပေ။ အမျိုးသမီးများသည် ကျန်းမာရေး/ပညာရေး လက်လှမ်းမီမှုမှာ အားသာပါသည်။ အမျိုးသမီးအများစုသည် ကျန်းမာရေးအသိပညာနှင့် ပတ်သက်ပြီး လေ့လာ သင်ယူခြင်းကြောင့် ဖြစ်သည်။


ပညာရေးတွင် လက်ရှိတွင် မိသားစု၏ စီးပွားရေး အဆင်မပြေလျှင် သားလေးအား အလယ်တန်းအထိသာ ကျောင်းထားပြီး သမီးလေးအား ပညာဆုံးသည့်တိုင် ကျောင်းထား ကြပါသည်။ အမျိုးသားအများစုသည်လည်း ပညာရေးတွင် စိတ်ဝင်စားမှု အား နည်းပြီး ဝင်ငွေရှာ ချင်သောစိတ် အားသာသောကြောင့် ဖြစ်သည်။ အိမ်မှုကိစ္စ လုပ်ဆောင်ရာတွင် အမျိုးသားများ သည် အမျိုးသမီးနှင့်အတူ ချက်ပြုတ်ခြင်း၊ ကလေးထိန်း၊ အဝတ်လျှော်ခြင်းတွင် ပါဝင်လုပ်ဆောင် ကြပါသည်။ ထိုမှာ တိုးတက်လာသော အချက်ဖြစ်သည်။

အမွေရပိုင်ခွင့်တွင် မိသားစုနည်းသော အိမ်ထောင်စုတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူရရှိသော်လည်း မိသားစု များသော အိမ်ထောင် စုတွင် အမျိုးသားကိုသာ ဦးစားပေး ခွဲဝေပေးသည်ကို တွေ့ရပါသည်။ အဖွဲ့ အစည်းများတွင် ပါဝင်ခွင့်မှာ အမျိုးသမီးနှင့် အမျိုးသား တန်းတူ ပူးပေါင်းဆောင်ရွက် ကြပါသည်။

ကျေးရွာရှိ အမျိုးသမီးတို့မှာ ရှေးအစဉ်အလာအရ ခွဲခြားဆက်ဆံခံရခြင်းကြောင့် မိမိ ကိုယ်ကို ယုံကြည်မှု၊ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာကဏ္ဍတွင် အမျိုးသမီးများ အားနည်းနေပါ သည်။ ကျေးရွာရှိ အမျိုးသမီးများအား လက်တွဲခေါ်ဆောင်ခြင်း၊ စွမ်းရည်မြှင့်တင် ပေးခြင်း၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ကူညီနိုင်သည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၃၄) = (၅၅) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်အုပ်စု၊ ညောင်ကုန်းကျေးရွာတွင် အဖွဲ့အစည်းပေါင်း(၁၆)ဖွဲ့ ရှိပါသည်။ ရွာတွင်းရှိအဖွဲ့များမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ဓမ္မဆရာ၊ လမ်းကော်မတီ၊ မိဘဆရာအသင်း၊ မီးကော်မတီ၊ မူကြိုကော်မတီ၊ ဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖ၊ ဘာသာရေးအသင်းအဖွဲ့၊ ကျန်းမာရေးကော်မတီဖြစ်ပြီး ရွာပြင်ရှိအဖွဲ့များမှာ မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့၊ အုပ်စုအုပ်ချုပ်ရေးမှူး အဖွဲ့၊ ကဲရ်မြန်မာ၊ ဂရုဏာအဖွဲ့၊ ဝေါလ်ဗင်းရှင်းနှင့် လူထုဗဟိုပြုစီမံကိန်းတို့ဖြစ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တို့သည် ကျေးရွာ၏ အရေးကိစ္စများအတွက် အချင်းချင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်မိရပ်ဖတို့သည် ရပ်ရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေးတို့တွင် ဦးဆောင်ပြီး ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ဓမ္မဆရာနှင့် ဘာသာရေးအသင်းအဖွဲ့တို့မှာ ဘာသာရေးကိစ္စများနှင့် ပတ်သက်ပြီး ဦးဆောင် ကြပါသည်။ ကျေးရွာ၏ ပညာရေးအတွက် စာသင်ကျောင်း နှစ်ပတ်လည်အစည်းအဝေးတွင် မိဘဆရာအသင်းမှ ဦးဆောင်ခြင်းနှင့် ဆုံးဖြတ်ခြင်းတွင် ပါဝင်ကြပါသည်။ ကျန်းမာရေးကိစ္စနှင့် ပတ်သက်ပြီး ကျန်းမာရေးကော်မတီမှ လည်းကောင်း၊ ကျေးရွာလမ်းကောင်းမွန်ရေး အတွက် လမ်းကော်မတီမှ လည်းကောင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရန်နှင့် မီးရရှိရေးအတွက် မီးကော်မတီမှလည်းကောင်း အသီးသီး ဦးဆောင်လျှက် ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးသော အိမ်ထောင်စုမှာ(၉)အိမ် ရှိပါသည်။


မူကြိုကျောင်းအရေးကိစ္စများဖြစ်သော ကျောင်းသန့်ရှင်းရေးနှင့် အဟာရ တိုက်ကျွေးခြင်း တွင် မူကြိုကော်မတီမှ ဦးဆောင်ပေးလျှက် ရှိပါသည်။ ကဲရ်မြန်မာအဖွဲ့သည် ၂၀၀၉- ၂၀၁၂ခုနှစ် အတွင်း ကျေးရွာအတွက် ရေတွင်း(လက်တွင်းတွင်း) (၄)တွင်း၊ မိုးရေလှောင်ကန်၊ ဘုံစပါးကျီ (၁)လုံး၊ စပါးနှင့် စိုက်ပျိုးသီးနှံမျိုးစေ့၊ ကျန်မာရေးအတွက် အိမ်သာခွက်များ စသည်တို့ ထောက်ပံ့ ပေးခဲ့ပါသည်။ ဝေါလ်ဗင်းရှင်းအဖွဲ့သည် ကျန်းမာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက် ရေး၊ ကလေးဖွံ့ဖြိုးရေးနှင့် အဟာရတွင် ထောက်ပံ့ပေးပါသည်။

ဂရုဏာအဖွဲ့သည် မူကြိုကလေး အဟာရအတွက် (၁)လတစ်ကြိမ် တိုက်ကျွေးပေးပါသည်။ လူထုဗဟိုပြုစီမံကိန်းသည် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ကာ ကျေးရွာတွင် လိုအပ်သော အခြေခံအဆောက် အဦး၊ လမ်း၊ တံတားများကို တည်ဆောက်ပေးလျှက် ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးပြီး လူထုအားစည်းရုံးပေးသောအဖွဲ့ဖြစ်ပါသည်။

ညောင်ကုန်းကျေးရွာ၏ ရွာတွင်း/ပြင်ရှိ အဖွဲ့အစည်းများသည် အချင်းချင်း ချိတ်ဆက်မှု ရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အရေးပါပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

## ရာသီခွင်ပြ ပြက္ခဒိန်




*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၃၄) = (၅၅) ဦး*

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ညောင်ကုန်းကျေးရွာရှိ ရွာသူ/သားများ၏ အဓိကစီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပါသည်။ စပါးစိုက်ပျိုးချိန်မှာ နွေနှင့် မိုးရာသီတွင် ဖြစ်သည်။ နွေစပါးကို ဖေဖော်ဝါရီလတွင် ပျိုးထောင်ပြီး မတ်နှင့်ဧပြီလတွင် စိုက်ပျိုးကြပါသည်။ ဧပြီနှင့် မေလတို့တွင် ပေါင်းလိုက်ကြပြီး ဇူလိုင်နှင့် ဩဂုတ်လတွင် ရိတ်သိမ်းကြပါသည်။ ထို့ပြင် ဩဂုတ်လ တွင် မိုးစပါးကို ပြန်လည် စိုက်ပျိုး ကြပါသည်။ စက်တင်ဘာလတွင် ပေါင်းလိုက်ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းကြသည်။

ညောင်ကုန်းကျေးရွာတွင် ဇန်နဝါရီလ၊ဧပြီလနှင့် မေလတွင် မင်္ဂလာဆောင်လေ့ရှိပြီး ဇူဇိုင် တွင် မိဘများပွဲနေ့ကို ကျင်းပလေ့ရှိပါသည်။ နိုဝင်ဘာလတွင် သေသူအပေါင်းဆုတောင်းပေးသည့် (သချိုင်းပွဲ) နှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်ကို ကျင်းပလေ့ရှိပါသည်။

မိုးဦးကာလဖြစ်သော ဇွန်လမှ ဩဂုတ်လအထိတွင် ရွာတွင်းလမ်းများမှာ ဘွဲ့ထသော ကြောင့် သွားလာရန်ခက်ခဲပါသည်။ မေလ၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ တို့တွင် မိုးအသင့်အတင့်ရွာသောကြောင့် ရွာတွင်းလမ်းများမှာ အနည်းငယ်သာ ပျက်စီးပါ သည်။

ပွင့်လင်းရာသီဖြစ်သော ဇန်နဝါရီလမှ မေလအထိတွင် ကျေးရွာရှိ အမျိုးသားများ အများစု သည် ပြင်ပသို့ ခရီးထွက် အလုပ်လုပ်ကြပါသည်။ စပါးစိုက်ပျိုးချိန်ဖြစ်သော ဧပြီနှင့်မေလတွင် အချို့သောသူများသည် ကျေးရွာသို့ပြန်လာကြပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပါသည်။

ဇွန်၊ ဇူလိုင်လတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအဖြစ်များပြီး စက်တင်ဘာလတွင် တုပ်ကွေး မိခြင်း၊ နိုဝင်ဘာလတွင် နှာစေးချောင်းဆိုး ဖြစ်လေ့ရှိပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဝန်ထမ်း နှင့် NGOမှ ကျန်းမာရေးပညာပေးများကို ပြုလုပ်သောကြောင့် ကျေးရွာရှိရွာသူ/သားများသည် ကျန်းမာရေးနှင့် ပတ်သက်ပြီး ဗဟုသုတ ရရှိကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ လယ်ယာမြေပိုင်ဆိုင်မှု နည်းပါးခြင်းနှင့် သီးနှံ အထွက်နှုန်း နည်းခြင်းကြောင့် ဝင်ငွေ၊ ထွက်ငွေမှာ မျှတမှုမရှိပေ။ အထူးသဖြင့် ကျောင်းအပ်ချိန် ဖြစ်သော မေလတွင် အသုံးစရိတ်ပိုမိုကုန်ကျပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဒေါ်ဖရစ္စတာ | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၂ | ဦးရဲညီထွေး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၃ | ဒေါ်အယ်ထူး | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၄ | ဦးအယ်လီစီးအို | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၅ | ဒေါ်မိညို | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၆ | ဦးအီဖားကို | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၇ | ဦးဇားကိုမို | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၈ | ဒေါ်အန်တောညာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၉ | ဦးဗျားရယ် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၀ | ဦးအာရ်ဒေးနို | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) |
| ၁၁ | ဒေါ်အော်ရေးလျာ | မ | ဝယ်ယူရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၂ | ဒေါ်ခရစ္စတီးနာ | မ | ဝယ်ယူရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၃ | ဦးဂျူလီယားနို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ(ခေါင်းဆောင်) |
| ၁၄ | ဦးမာချယ်လီးနို | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(ဥက္ကဋ္ဌ)၊ ကျေးရွာအုပ်စုကော်မတီဝင် |
| ၁၅ | ဒေါ်ခင်ပြုံးရီ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(ဥက္ကဋ္ဌ)၊ ကျေးရွာအုပ်စုကော်မတီဝင် |
| ၁၆ | ဦးကျော်ကင်း | ကျား | ဘဏ္ဍာရေးစာရေး |
| | | | |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး မောင်ကို | 09-448113230 | ဒေါ် မေနွယ်အောင် |

| ပြည်နယ်၊ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ငွေတောင် | ညောင်ကုန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယော | ၉၆ | ဘာသာ (၁) ခရစ်ယာန် | ၁၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | ၁၄ | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ ဦး ကျား - ၁ မ - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉ ဦး ကျား - ၅ မ - ၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယော | ၂၅၇ | ၂၇၀ |
| လူမျိုးစု (၂) ကယန်း | – | ၄ |
| လူမျိုးစု (၃) ကယား | ၁ | ၆ |
| လူမျိုးစု (၄) ဗမာ | ၅ | ၂ |
| လူမျိုးစု (၅) ရှမ်း | – | ၄ |
| အိမ်ထောင်ဦးစီး | ၉၉ | ၁၁ |

ညောင်ကုန်းကျေးရွာ၊ ငွေတောင်ကျေးရွာအုပ်စု

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>ခန့်မှန်းဆောင် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    ကတ္တရာလမ်း    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း    မြေသားလမ်း    လှည်းသွားလမ်း    အခြား ____________

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (ပိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၉ /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ မိုးခေါင်ရေရှား ၁၉၉၉ - ၂၀၀၁ ခုနှစ်

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကာမြင့်မှာ (ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ)

(၂) World Vision

(၃) ဂရုဏာ (၂၀၁၇ ခုနှစ် ၆ လ မှ လ ၂ ၇ ကြိမ်)

ကျေးရွာခေါင်းဆောင် — အမည် ဦးမောင်ကို

လက်မှတ် [လက်မှတ်] နေ့စွဲ ၂၉-၁၀-၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်မော်နွယ် အောင်

လက်မှတ် [လက်မှတ်] နေ့စွဲ 29.10.2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀၁၆

*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စဇယ်လာ | | | |
| နေ့စွဲ ၂၉.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/ဖိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ငွေတောင် | ကျေးရွာ ညောင်ကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၁၀.၁၇ | ၂၉.၁၀.၁၇ | ၂၁ | ၃၄ | ၅၅ | ၅၅ \| ကယော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၁၀.၁၇ | ၂၉.၁၀.၁၇ | ၂၁ | ၃၄ | ၅၅ | ၅၅ \| ကယော |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၂၂ | ၁၅ | ၃၇ | ၃ \| ယင်းဘော်<br>၆ \| ဗမာ<br>၈ \| ကယန်း<br>၂ \| ရှမ်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၈.၁၂.၁၇ | ၈.၁၂.၁၇ | မလို | မလို | မလို | ၄ \| ပရ(ကယော်)<br>၁၄ \| မလို ကယား |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စောဟယ်လာ | | | |
| နေ့စွဲ ၂၉.၁၀.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/ခိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ငွေတောင် | ကျေးရွာ ငွေတောင်ကျွန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်အရာများဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများမိုးရာသီတွင် သွားလာရန်ခက်ခဲ | ၁ | ရွာတွင်းလမ်းများမှာမိုးရာသီတွင်သွားလာရန်ခက်ခဲခြင်း |
| ၂ | စာသင်ကျောင်းဆောင်မလုံလောက်ခြင်း၊ | ၂ | ကျောင်းဖြစ်စည်းကိုးမလုံလောက်သော အခက်အခဲ |
| ၃ | စားဝတ်နေရေးအခက်အခဲကြောင့် သား၊သမီးပညာရေးမထောက်ပံ့ | ၃ | စားဝတ်နေရေးအခက်အခဲကြောင့် ပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ |
| ၄ | အလုပ်အကိုင်ရှားပါးခြင်းကြောင့် ဝင်ငွေနည်းခြင်း၊ | ၄ | စားဝတ်နေရေးအခက်အခဲကြောင့် သား၊သမီးပညာရေးမထောက်ပံ့နိုင်ခြင်း၊ |
| ၅ | စားဝတ်နေရေးအခက်အခဲကြောင့် ပူးပေါင်းပါဝင်မှုအားနည်းခြင်း | ၅ | ရွာဖြင့်ပသို့ သွားလာရာတွင် လုံခြုံမှုမရှိခြင်း၊ |

၆. ကျန်းမာရေး + ဒိုင်းကိုရှိ ရေး နည်းပညာအား နည်းခြင်း ၆၊ အသိပညာမပေးသူတာ အား နည်းခြင်း၊

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကုန်ထုတ်လမ်း၊ ရွာဝင်လမ်းကောင်းမွန်ရမည်။ | ၁ | ရွာတွင်းလမ်းများ ကျောက်ချောလမ်းဖြစ်လာရမည်။ |
| ၂ | စာသင်ကျောင်းဆောင် ထပ်မံတိုးချဲ့နိုင်ရမည်။ | ၂ | လုံခြုံသော စာသင်ကျောင်း၊ ဖြစ်စည်းကိုးရှိရမည်။ |
| ၃ | စားဝတ်နေရေးအဆင်ပြေပြီး သား၊သမီးပညာရေးမြှင့်မားသည် | ၃ | အနာဂတ်ကလေးများသည် ပညာတတ်ပြီး ဦးဆောင်နိုင်ရမည်။ |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း၊ ရှိပြီး ဝင်ငွေရှိရမည်၊ | ၄ | မူကြိုကလေးများအသုံးပြုရန် စာကျောင်းဆောင် ရှိရမည်။ |
| ၅ | ကျေးလက်ဆေးပေးခန်း ရှိရမည်။ | ၅ | အလုပ်အကိုင်အခွင့်အလမ်း၊ ရှိပြီး ဝင်ငွေ ရှိရမည်။ |

၆၊ အသိပညာတိုးမြှင့်ပြီး ပူးပေါင်းပါဝင်မှုအားကောင်းရမည်။ ၆၊ လုံခြုံသော ပတ်ဝန်းကျင်ဖြစ်ရမည်။ ၇၊ အသိပညာပေးသူတာဝန်တိုးမြှင့်ရမည်။

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | အမျိုးသမီး + အမျိုးသား | | |
| ၂ | ကလေး KG ဆောင် | အမျိုးသား | | |
| ၃ | ကျောင်း၊ ဖြစ်စည်းကိုး | အမျိုးသမီး + အမျိုးသား | | |
| ၄ | | | | |
| ၅ | | | | |

**ဃ။** လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | သဘာဝဓါတ်မြေဩဇာဖော်စပ်လုပ်နည်း | အမျိုးသား | |
| ၂ | အိမ်တွင်းမှု (အပ်ချုပ်သင်တန်း) | အမျိုးသမီး | |
| ၃ | ဆိုက်မှိုမျိုးစေ့ နည်းပညာ | အမျိုးသမီး + အမျိုးသား | |
| ၄ | မွေးမြူရေးလုပ်ငန်း | အမျိုးသမီး | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမာဂျယ်သိန်း ဒေါ်ခင်မြဲ့ရှိ လက်မှတ် Khin နေ့စွဲ ၂၉-၁၀-၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] | ☐မ ☑ကျား | | |
| | ၂ | ဓာတ်မြေဩဇာသင်တန်း | ☑မ ☐ကျား | | |
| | ၃ | စိုက်ပျိုးရေး နည်းပညာ | ☑မ ☑ကျား | | |
| | ၄ | မွေးမြူရေးလုပ်ငန်း | ☑မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | [illegible] | ☐မ ☑ကျား | | |
| | ၂ | ကျောင်းဆောင်ဆောက်လုပ်ရေး | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | ကျောက်ချောလမ်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

နေရာ - ညောင်ကုန်းကျေးရွာ၊ ခန်းမဆောင်

အချိန် - နံနက်(၉:၀၀)မှ မွန်းတည့်(၁၂:၀၀)နာရီထိ

ရက်စွဲ - ၂၉. ၁၀. ၂၀၁၇ (တနင်္ဂနွေနေ့)

အစည်းအဝေးတက်ရောက်သူ - ကျား(၂၁)ဦး၊ မ(၃၄)ဦး၊ စုစုပေါင်း(၅၅)ဦး။

ကူညီပံ့ပိုးသူများ- လက်ထောက်နည်းပညာမှူးနှင့်လူထုစည်းရုံးရေးမှူးများ

ပထမအကြိမ် ကျေးရွာအစည်းအဝေး မစတင်မီချိန်တွင် တက်ရောက်သူ မှတ်တမ်းကောက်ယူခြင်းပြုလုပ်ပါသည်။ အစည်းအဝေးစတင်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများမှ အစည်းအဝေးရည်ရွယ်ချက်နှင့် လူထုဗဟိုပြု စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းအကြောင်းရှင်းပြခြင်း၊ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန်များ အကြောင်းရှင်းပြခြင်း ပြုလုပ်ပါသည်။ ဆက်လက်ပြီး ကော်မတီနှင့် စေတနာ့ဝန်ထမ်း၏ တာဝန်/ဝတ္တရားများ သုံးသပ်ခြင်းနှင့် ပြန်လည်ဖွဲ့စည်း အတည်ပြုခြင်း ပြုလုပ်ပါသည်

ထို့နောက်တွင် လူမှုဆန်းစစ်ခြင်း အခန်းကဏ္ဍကို ဆက်လက် ဆွေးနွေးကြပါသည်။ လူမှုဆန်းစစ်ခြင်းတွင် လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာနေကြွယ်ဝမှုပြဇယား၊ ရာသီခွင်ပြပြက္ခဒိန်၊ ကျား-မရေးရာအရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ဗင်းပုံစံ (အဖွဲ့အစည်း ချိတ်ဆက်မှု) စသည့် အကြောင်းအရာ ခေါင်းစဉ်များကို ဆွေးနွေးကြပါသည်။

လူမှုဆန်းစစ်မှု ပြုလုပ်ပြီးနောက် ကျေးရွာလူထုမှ ပြန်လည်ဆန်းစစ် သုံးသပ်ကြပါသည်။ ထို့နောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အပိတ်အမှာစကားပြောကြားပြီး ပထမအကြိမ် ကျေးရွာအစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

**ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး**

နေရာ - ညောင်ကုန်းကျေးရွာ၊ ခန်းမဆောင်

အချိန် - ည(၁:၀၀)မှ (၄:၀၀)နာရီထိ

ရက်စွဲ - ၂၉. ၁၀. ၂၀၁၇ (တနင်္ဂနွေနေ့)

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား(၂၁)ဦး၊ မ(၃၄)ဦး၊ စုစုပေါင်း(၅၅)ဦး။

ကူညီပံ့ပိုးသူများ -လက်ထောက်နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူးများ

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မစတင်မီချိန်တွင် ကျေးရွာစေတနာ့ဝန်ထမ်းမှ တက်ရောက်သူစာရင်း မှတ်တမ်းကောက်ယူခြင်း ပြုလုပ်ပါသည်။ အစည်းအဝေးစတင်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေး မှူးနှင့် လက်ထောက်နည်းပညာမှူးများမှ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ ဟူ၍(၂)ဖွဲ့ခွဲကာ ကျေးရွာ၏ အခက်အခဲ ပြဿနာ အတားအဆီးများ၊ ကျေးရွာတွင် နောင်လာမည့် (၅)နှစ်အတွင်း မိမိတို့၏ ရည်မှန်းချက်များနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း စသည်ဖြင့် ဆွေးနွေးကြ ပါသည်။

ထို့နောက်တွင် အကျိုးမဝင်သောလုပ်ငန်းနှင့် အကျိုးဝင်သော လုပ်ငန်းများအကြောင်း ရှင်းပြပြီး ကျေးရွာ၏ ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများကို ရွေးချယ်ကြပါ သည်။ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်များအကြောင်းကို ရှင်းပြသည်။ ထို့နောက်တွင် ဝေဖန်အကြံပြု တိုင်ကြားချက် ဖြေရှင်းရေးစနစ်အကြောင်းကို ရှင်းပြပါသည်။ ထို့နောက် အစည်းအဝေးရလဒ် ပြန်လည် အနှစ်ချုပ်ပါသည်။

ကျေးရွာစီ/ထောက်ဥက္ကဋ္ဌမှ ကျေးဇူးတင်အပိတ်အမှာစကား ပြောကြားပြီး ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးအား ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ -စတယ်လာ(လူထုစည်းရုံးရေးမှူး)

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၉-၁၀-၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၂၁ | ၃၄ | ၅၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၉-၁၀-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၁ | ၃၄ | ၅၅ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၂၉-၁၀-၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၁ | ၃၄ | ၅၅ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၉-၁၀-၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၁ | ၃၄ | ၅၅ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၂၉-၁၀-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၁ | ၃၄ | ၅၅ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၉-၁၀-၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၁ | ၃၄ | ၅၅ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br><br>(Problem) | | အမျိုးသမီး/သား၊ လူထုအားလုံး | | | | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျော်မှန်းချက်များ<br><br>(Village visions) | | ကျေးရွာလူထု အားလုံး | | | | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ<br>(Village Approve Vision) | | ရွာလူထု အားလုံး | | | | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ<br><br>(Village Object Vision) | | ရွာလူထု အားလုံး | | | | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ်<br><br>(Village History) | ၂၉-၁၀-၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၁ | ၃၄ | ၅၅ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |